

ကိန္နရီလစဉ်
မင်းမြတ်သုရ
ပန်းရှိ
ဇမ္ဗူမင်း
ကြာပန်းမာလာ



မြန်မာပြည်မြောက်ပိုင်းစွန်းဒေသရှိတောင်စဥ်တောင်တန်း
အထပ်ထပ်ဝိုင်းရံထားသောဒေသတွင်လွင်ပြင်ငယ်လေးတစ်ခု၌
တည်ဆောက်ထားသောတိဘက်ရွာလေးတစ်ရွာရှိသည်။
ထိုရွာငယ်ငယ်သည်တိဘက်ရိုးရာဓလေ့ကိုတစ်သဝေ
မတိမ်းလိုက်နာတတ်သောတိဘက်လူမျိုးများနေထိုင်ကြသည်။
ဘုရား၊ကျောင်း၊စေတီ၊ပုထိုးစသည်ဖြင့်ရွာတစ်ရွာ၏
အင်္ဂါရပ်များပြည့်စုံသောရွာလည်းဖြစ်သည်။




ထိုအချိန်တွင်ဘုရားကျောင်းစပ်၏ တစ်နေရာ၌ဓားခုတ်သံများသည်ဆူညံလျှက်ရှိ၏ ။



လွန်စွာမှခားရေးကျွမ်းကျင်လှသောတရုတ်အဖိုးအိုတစ်ဦးသည်တိဘက်လူငယ်လေးတစ်ဦးအား ရက်စက်ပြင်းထန်သောတိုက်ကွက်များဖြင့်တရစပ်တိုက်ခိုက်နေ၏။





တိဘက်လူငယ်လေးသည်အဘိုးအို၏ဓားချက်များကိုပွတ်ကာသီကာရှောင်တိမ်းရင်းပြန်လှန် ခုခံနေပုံမှာမြင်ရသူအဖို့အသည်းအေးစရာမြင်ကွင်းတစ်ခုပင်ဖြစ်သည်။






သို့သော်သူတို့နှစ်ဦး၏အနီးပတ်ဝန်းကျင်တွင်မည်သူမျှမရှိ။အဘယ့်ကြောင့်ဆိုသော် ရှာသားအားလုံးဘုရားကျောင်းတွင်အထူးဝတ်ပြုနေကြသောကြောင့်ဖြစ်သည်။

ဘုရားဝတ်ပြုနေသောရွာအကြီးအကဲ ဒရမ အနီးသို့သူ၏လက်ရုံးတပည့်တစ်ဦးအနားကပ်လာပြီး...တစ်စုံတစ်ရာကိုတီးတိုးပြောလိုက်လေရာ...





ဒရမ သည်တပည့်များခြံရံလျက်ဘုရားကျောင်းပုရဝဏ်အတွင်းမှ ထွက်လာခဲ့ကြသည်။





ကျောင်းစပ်အနီးမှဓားခုတ်ပွဲမှာ လည်းတစ်စထက်တစ်စပိုလို့ ကြမ်းတမ်းခက်ထန်လာ၏။

ထိုဓားခုတ်ပွဲအနီးသို့ ဒရမ နှင့်အတူသူ၏တပည့်များရောက်ရှိလာကြသည်။



ထိုအချိန်မှာပင်တရုတ်အဘိုးအိုသည်ရုတ်တရက်လေ
ပေါ်သို့ခုန်လိုက်ပြီးတိဘက်လူငယ်လေး၏ဦးခေါင်းသို့
ဓားကိုထိုးစိုက်လိုက်လေသည်။





လိမ္မာပါးနပ်သောတိဘက်လူငယ်လေးသည်
လျှင်မြန်စွာရှောင်တိမ်းလိုက်ပြီးအပေါ်မှ
အရှိန်ဖြင့်ကျလာသောအဘိုးအိုကို
တစ်ပတ်လှည့်အရှိန်ယူပြီးအားကုန်ခုတ်ချ
လိုက်လေ၏။






အဖြစ်အပျက်များကိုအံ့သြမှင်သက်စွာကြည့်နေမိသော ဒရမ သည်ပြန်လည်
အသိဝင်လာပြီး...




သြဇာတက္ကမရှိပြီးကျယ်လောင်သောအမိန့်သံနှင့်အတူဓားခုတ်ပွဲသည်ချက်ချင်းပင်
ရပ်တန့်သွား၏။

တိဘက်လူငယ်လေးသည်သူနှင့်ယှဉ်ပြိုင်ထိုးခုတ်ခဲ့သောတရုတ်အဘိုးအိုကိုရှိသေစွာဦးညွှတ်လိုက်ပြီး ဓားကိုဓားအိမ်အတွင်းသို့ကျွမ်းကျင်စွာပြန်ထည့်လိုက်သည်။




မင်းကို ဒီဆရာဆီမှာသင်ခိုင်းတာ ငါ့ကိုသိက္ခာချဖို့မဟုတ်ဘူး တစ်ချိန်မှာငါ့နေရာကိုလွှဲပြောင်းယူပြီးရွာကိုအုပ်ချုပ်နိုင်အောင်လို့ ဆိုတာရောမင်းသိရဲ့လား...
ကျုပ်အဖေ့ကို သိက္ခာချချင်လို့ဝတ်ပြုပွဲမလာတာမဟုတ်ပါဘူး၊အဖေနဲ့ ဆရာကြီးဝမ်ပြောတဲ့စကားဒဿန တွေကြောင့်တွေးခေါ်ပြီး ဆုံးဖြတ်ခဲ့တာပါ...
ဘာကွ ငါပြောတဲ့စကားကြောင့်ဟုတ်လား...
ဟုတ်တယ်လေ စိတ် မပါတဲ့အလုပ်ကိုဘယ်တော့မှ မလုပ်နဲ့ဆိုတာလေ
ဟေ့ကောင် ငါပြောတာအလုပ်လုပ်တဲ့ နေရာမှာပြောတာ ဒါကဘာသာရေးစိတ် မပါလည်းလုပ်ရမယ်...

တိဘက်လူငယ်လေးအာကာသသည်ဒေါသဖြစ်နေသောဖခင်ကိုကြည့်ပြီးအနည်းငယ်ပြုံးလိုက်၏။




ဒရမ သည်သူ၏တပည့်များရှေ့တွင်သားဖြစ်သူကအချက်ကျကျပြန်လှန်ပြောနေသဖြင့် မျက်နှာမှာဒေါသကြောင့်နီမြန်းလျက်ရှိသည်။သို့သော်တရုတ်ဆရာကြီးဝမ်ဆိုသည်မှာ သူအလွန်လေးစားယုံကြည်ရသူတစ်ဦးမို့မှားသည်ဟုပြောမထွက်ချေ။အာကာသသည် ဖခင်၏အခြေအနေကိုကြည့်ပြီးဆက်ပြော၏။





ဒရမ၏ တပည့်များသည်တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်ပြီးသူတို့တစ်သက်လုံးယုံကြည်ထားခဲ့သော ယုံကြည်ခြင်းကိုပြန်လည်တွေးခေါ်သုံးသပ်မိကြ၏။
စပါးတွေ အများကြီးရချင်တယ်၊နွားတွေ အများကြီးပိုင်ချင်တယ်၊ သားကောင်တွေအများကြီးရချင် တယ်၊ဒါပေမဲ့အဖေတို့ ဆုတောင်းပြည့်ခဲ့လို့ လား...
အဲ့ဒီလို ထိုင်ပြီးဆုတောင်းနေမဲ့ အစားသားကောင်လိုချင်ရင် တောထဲသွားပြီး၊ကိုယ်တိုင်ရှာဖမ်း ကောက်ပဲသီးနှံတွေလိုချင်ရင် ကိုယ်တိုင်စိုက်ပျိုးဒါမှ လိုချင်တာရမယ်...



ကိုယ်ဖြစ်ချင်တာတွေကိုယ့်ရဲ့လုပ်အားကိုအသုံးချပြီးအစွမ်းကုန်ကြိုးစားမှလိုချင်တဲ့ခရီးကိုရောက်လိမ့်မယ်...
ကျုပ်တော့ဆရာကြီးဝမ်ပြောတာလက်ခံတယ်၊ဒါကြောင့်အခုကျုပ်ကစားချင်တယ်၊သွားကစားတော့မယ်...
(၁၀)နှစ်သားအရွယ်ခန့်သာရှိသောသားဖြစ်သူ၏စကားကိုဒရမသည်မည်ကဲ့သို့ချေပရမှန်းမသိခင်မှာပင်အာကာသသည်မျက်စိရှေ့မှထွက်ခွာသွားလေတော့၏။
နောက်တွင်ဒရမသည်သားဖြစ်သူအာကာသကိုဘုရားဝတ်ပြုရန်လည်းအတင်းအဓမ္မပြောဖြစ်တော့မည်မဟုတ်သလိုအာကာသသည်လည်းဝတ်ပြုပွဲသို့ဘယ်တော့မှလာမှာမဟုတ်ဆိုတာကိုစိတ်ထဲကတိကျပြတ်သားစွာသိလိုက်ရလေတော့သည်။

တစ်နေ့သ၌အာကာသသည်ဆော့ကစားရင်းနွားနောက်ကြီးတစ်ကောင်ကိုတွေ့ရသဖြင့် နောက်မှလိုက်လံဖမ်းဆီးလေ၏။တောရိုင်းတိရစ္ဆာန်ပီပီအပြေးသန်လှသဖြင့်နောက်သို့ပြေးလိုက်ရင်း ကချင်မျိုးနွယ်ဝင်လီဆူးများနေထိုင်ရာတောင်ပေါ်သို့ရောက်မှန်းမသိရောက်ရှိသွားလေ၏။





လူမျိုးခြားဒေသသို့ရောက်ရှိနေမှန်းအာကာသ သတိရသောအခါလှည့်ပြန်ရန်ကြိုးစားစဉ်ရေတံခွန် ရှိရာဘက်ဆီမှပျော်ရွှင်စွာအော်ဟစ်မြူးတူးနေသော အသံများကိုကြားလိုက်ရ၏။





ရေတံခွန်အနီးသို့အာကာသရောက်သွားသောအခါမိမိနှင့်အသက်တူရွယ်တူမိန်းကလေးသုံးဦးသည်ရေဆော့ကစားနေသည်ကိုတွေ့ရ၏။ပတ်ဝန်းကျင်အသစ်၊မိတ်ဆွေအသစ်များကိုလွန်စွာတပ်မက်သောအာကာသသည်ထိုမိန်းကလေးငယ်များနှင့်မိတ်ဖွဲ့လိုစိတ်များဖြစ်ပေါ်လာသဖြင့်...





ပတ်ဝန်းကျင်အသစ်၊မိတ်ဆွေအသစ်များကိုလွန်စွာတပ်မက်သောအာကာသသည်ထိုမိန်းကလေးငယ်များနှင့်မိတ်ဖွဲ့လိုစိတ်များဖြစ်ပေါ်လာသဖြင့်...






ထို့နောက်အာကာသသည်သူ၌ပါလာသောမုန့်များကိုသားရေအိတ်အတွင်းမှထုတ်ယူကာကျွေးမွေးလေ၏။


နင်တို့ရဲ့ တိဘက်မုန့်တွေက အရသာရှိလိုက်တာဟယ်...
နင်တို့ လီဆူးမုန့်တွေကလည်း အရမ်းစားလို့ကောင်းတယ်လို့ပြောသံကြားဖူးတယ်...
နင် စားချင်လို့လား
နင်တို့ ကျွေးမယ်ဆိုရင်ပေါ့...
နင်တကယ် စားချင်တယ်ဆိုရင် ငါတို့ကျွေးမှာပေါ့၊လပြည့်နေ့ကျရင်ဒီရေတံခွန်ကိုပဲလာခဲ့လေ
အာကာသသည်မုန့်ကိုအကြောင်းပြုပြီး မိန်းကလေးများနှင့်ရင်းနှီးကျွမ်းဝင်သွားလေ၏။

မိန်းကလေးသုံးဦးအနက်အလှဆုံးမိန်းကလေးမှာလီဆူးတစ်ရွာလုံးကိုအုပ်ချုပ်ရသောဒူ၀ါကြီး၏သမီးဖြစ်ကြောင်းသိရှိရ၏။





ထိုနေ့ကအာကာသသည်မိန်းကလေးသုံးယောက်နှင့်အတူပျော်ရွှင်စွာဆော့ကစားကြပြီးညနေစောင်းသောအခါမှနှုတ်ဆက်၍ပြန်ခဲ့လေ၏။


လပြည့်နေ့
ဒီနေ့ကိုရောက်ဖို့ညပေါင်းများစွာကိုအာကာသတစ်ယောက်ခက်ခဲစွာကျော်ဖြတ်ခဲ့ရ၏။သူတွေ့ချင်လွန်းသောလီဆူးမိန်းကလေးများ၊ထို့နောက်သူမတို့ယူလာမည်ဆိုသောလီဆူးမုန့်များအတွေးနှင့်ပင်ချိုမြိန်၍ပျော်စရာကောင်းလှ၏။
သူမတို့နှင့်တွေ့ဆုံရန်အိမ်မှမိဘများကိုလည်းလိမ်ညာခဲ့ရ၏။သူ၏ရွာနှင့်အလှမ်းဝေးကွာလွန်းလှသောဒီရေတံခွန်လေးရှိရာတောင်ပေါ်သို့တက်ခဲ့ရသော်လည်းပင်ပန်းသည်မထင် မိ၊လီဆူးမိန်းကလေးများရောက်လာမည့်လမ်းကိုစိတ်ကူးဖြင့်ပျော်မြူးစွာစောင့်မျှော်နေမိလေ၏။


သာယာနာပျော်ဖွယ်ကောင်းလှသော
တောတောင်အတွင်းမှကျေးငှက်သံ
များ၊ရေတံခွန်၏အသံများသည်
တဖြည်းဖြည်းအကျည်းတန်လာသယောင်
ယောင်လှောင်ပြောင်ရယ်မောသံနှင့်အတူ
လာသလိုလိုဖြစ်လာသည်။
နေ့လယ်မွန်းတည့်ချိန်အထိလီဆူးမလေး
များကိုအရိပ်အယောင်မတွေ့ရပါ၊ကြာ
လာတော့အာကာသသည်သူ၏စေတနာ
ကိုစော်ကားပြီးလိမ်ညာခြင်းခံရပြီဟုယူဆ
ကာဒေါသများထွက်လာတော့သည်။
နင်တို့
ငါ့ကိုလိမ်လို့ရပေမယ့်
ငါမတွေ့အောင်တော့
ပုန်းလို့မရနိုင်ပါဘူး
ကွာ...
ဆုံးဖြတ်ချက်ကို
ခိုင်မာစွာချလိုက်ပြီး
လီဆူးမလေးများရှိရာ
ရွာဘက်ဆီသို့အာကာသ
ဦးတည်ထွက်လာခဲ့
တော့၏။


ထိုစဉ်ကလီဆူးရွာများသည်တိုင်းရင်းသား
အချင်းချင်းနယ်မြေလုသောတိုက်ပွဲများ
ဖြစ်ပွားတတ်သဖြင့်ရွာခြံစည်းရိုးကိုသစ်လုံး
တိုင်များဖြင့်ခိုင်မာစွာကာရံထားလေ့ရှိ
သည်။
အာကာသသည်လီဆူးရွာ၏ သစ်လုံးတံခါးကြီးကို
ကြည့်ပြီးစိတ်မောသွားသည်။မိမိကိုမုသားပြောသွား
သောလီဆူးမလေးတွေကိုစကားစစ်ထိုးဖို့အခွင့်
အရေးသည်ဒီတံခါးဝမှာပင်လက်လျှော့အဆုံး
ရှုံးခံရတော့မည်လား...
ထိုအခိုက်တံခါးမကြီးကိုဖွင့်သံကြား
ရသဖြင့်အာကာသသည်ကျောက်တုံး
အကွယ်တစ်ခုနောက်တွင်ဝင်ရောက်
ပုန်းကွယ်နေလိုက်၏။

ပွင့်လာသောတံခါးမကြီးနှင့်အတူတုတ်၊ဓား
လက်နက်များကိုင်ဆောင်ထားကြသောလီဆူး
အမျိုးသားများထွက်လာကြ၏။





ရွာ၏လုံခြုံရေးအတွက်လှည့်လည်စစ်ဆေးရန်
အတွက်ဖြစ်ပုံရသည်။ဒီအခြေအနေသည်
အာကာသအတွက်အခွင့်အရေးကောင်းတစ်ခု
မို့လက်လွှတ်ခံလို့မဖြစ်...



လီဆူးများအလစ်တွင်ရွာထဲသို့ပြေးဝင်ပုန်းကွယ်
နေလိုက်လေ၏။

နေ့ခင်းကြောင်တောင်သူစိမ်းရွာတွင်းသို့ခိုးဝင်ခြင်းကိုအသက်အန္တရာယ်ပင်ရှိနိုင်သော်လည်း၊အာကာသသည်ကတိပျက်သောမိန်းကလေးသုံးဦးကိုရန်တွေ့လိုသောစိတ်တစ်ခုသာရှိသဖြင့်အန္တရာယ်ကိုကြောက်ရွံ့ရကောင်းမှန်းမသိချေ။




အာကာသသည်ဒူဝါ၏အိမ်အနီးသို့ချုံနွယ်များကိုအကာအကွယ်ယူရင်းချဉ်းကပ်ခဲ့လေ၏။




ခြံဝင်းထဲတွင်ရှိသောအဖုံးပါသောတောင်းကြီး
တစ်လုံးအတွင်းသို့ဝင်ရောက်ပုန်းကွယ်နေလိုက်၏။
ထိုအခိုက်မှာပင်အာကာသပုန်းအောင်းနေသောတောင်းကြီးအနီးသို့လက်နက်ကိုင်သူများရောက်လာကြသည်။
ဒီတောင်းတွေကို အိမ်အောက်ကိုရွှေ့ထားရအောင်၊ဒူဝါကြီးပြန်လာလို့ ဘာမှမလုပ်ရသေးရင် တို့တွေအဆူခံရလိမ့်မယ်...
တောင်းထဲတွင်ပုန်းအောင်းနေသော
အာကာသသည်ထိတ်လန့်သွားလေ၏။
၂၃




လက်နက်ကိုင်လူများသည်တောင်း
ကိုဖွင့်မကြည့်ဘဲအိမ်အောက်တွင်
ချထားပြီးထွက်ခွာသွားကြလေ၏။



ထိုလူများမရှိတော့သည့်အချိန်မှအာကာသသည်တောင်းအတွင်းမှထွက်ကာအိမ်ပြတင်း
ပေါက်မှကျော်ဝင်လိုက်၏။





ထိန်နုအိမ်ကြီးဆိုသည်မှာအရှေ့ဘက်အစွန်
ဆုံးအခန်းကိုမနမ်ထပ်ဟုခေါ်ပြီးဧည့်ခန်း
အဖြစ်သတ်မှတ်သည်။နတ်ပွဲ၊မနေ့ပွဲ၊
လက်ထပ်မင်္ဂလာပွဲများကိုအိမ်တော်အနောက်
ဘက်တွင်ကျင်းပလေ့ရှိသည်။
အိမ်ကြီး၏အနောက်ဘက်တွင်အစွန်ဆုံး
အခန်းကိုတော့လူပျိုအပျိုများရင်နှီး
ကျွမ်းဝင်စွာတွေ့ဆုံရသောအင်လားဒပ်
အခန်းကိုထားရှိ၏။
အာကာသသည်အစောင့်အကြပ်
များကိုရင်မဆိုင်မိအောင်ရှောင်တိမ်း
ပုန်းကွယ်ရင်းတစ်ခန်းဝင်တစ်ခန်းထွက်
ရှာဖွေရင်းအင်လားဒပ်အခန်းဆီသို့
ရောက်လာ၏။
အခန်းထဲတွင်မိန်းကလေးငယ်
များ၏အသံကိုကြားရသဖြင့်
အခန်းထဲသို့ချောင်းကြည့်လိုက်
သောအခါ...

မမျှော်လင့်ဘဲမိမိနှင့်ချိန်းဆိုထားသောဒုဂါသမီးနှင့်မိန်းကလေးနှစ်ယောက်ကိုတွေ့ရလေ၏။
အာကာသသည်ဝမ်းသာအားရဖြင့်စိတ်မထိန်းနိုင်တော့ဘဲအခန်းထဲပြေးဝင်လိုက်ရာ...




လီဆူးမိန်းကလေးများကတစ်ယောက်တစ်ပေါက်ဖြင့်စိတ်ပူစွာဝိုင်းပြောကြသောစကားများကိုအာကာသဂရုမစိုက်ဘဲ...




နင်တို့ရွာမှာ ဘာအန္တရာယ်ကြုံ နေရလို့လဲ
ငါတို့လူမျိုးအချင်းချင်း တိုက်ပွဲဖြစ်နေကြတယ် အချိန်မရွေးရန်သူတွေရောက်လာနိုင် တယ်၊ဒါကြောင့်... ရွာရဲ့တံခါးမကြီးကိုပိတ်ထားတာ နင်မတွေ့ခဲ့ဘူးလား...
တွေ့ခဲ့ပါတယ် ဒါပေမယ့်၊အခုနင်တို့ရွာ့ ကိုငါရောက်လာပြီ ငါ့ကိုရိုးရာမုန့်တွေကျွေး ကြပေတော့
နင်ဟာလေ အစားအသောက်အတော်ကို သရမ်းတာပဲ၊ဒီလောက်အန္တရာယ် များတဲ့ကြားကငါတို့ရွာကိုရောက် အောင်လာပြီးမုန့်စားဖို့ ကြိုးစားတယ်နော်...


ပြောနေတာ ကြာတယ်၊သွားယူလိုက်ပါ၊ငါစားချင်လှပြီ...
နင်ဒီလောက်တောင်စားချင်ရင် မီးကင်ထားတဲ့သမင်ပေါင်တစ်ချောင်းတော့ရှိတယ်...


မိန်းကလေးတစ်ဦးသည်အိမ်၏နောက်သို့သွားကာအတော်အတန်ကြီးသောသမင်ပေါင်တစ်ချောင်းကိုယူလာပြီးသူ၏ရှေ့ရှိမီးလင်းဖိုပေါ်တွင်မီးမြိုက်လိုက်ရာအဆီများတဝင်းဝင်းကျလာပြီးစားချင်စဖွယ်မွှေးပျံ့လာလေ၏။


အာကာသသည်သမင်ပေါင်ကိုကြည့်ရင်း
တိဘက်တော်ဥပဒေကိုအတိအကျလိုက်နာ
တတ်သောဖခင်ကိုသတိရလိုက်၏။
ငါတို့တိဘက်
ဒေသမှာဆိုရင်တိရစ္ဆာန်
တွေကိုသတ်ဖြတ်ပြီးစား
သောက်လေ့မရှိဘူး၊သဘာဝ
အတိုင်းသေဆုံးတဲ့သား
ကောင်ကိုသာစားသောက်
လေ့ရှိတယ်...
ဒါဆိုရင်ဒီသမင်ပေါင်
ကြီးကိုနင်စားလို့ရပါ့မလား
ဒီပေါင်ကငါတို့ရွာကမုဆိုး
တစ်ယောက်အဖေ့ကိုလာဆက်သ
ထားတဲ့သမင်ပေါင်ပဲ...
ငါ့အဖေက
ရှေးဆန်တဲ့အကြီးအကဲ
တစ်ယောက်ပဲ၊တိဘက်တွေ
ရဲ့အယူအဆအရတိရစ္ဆာန်
တွေကိုအလေးအမြတ်ထား
ကြတယ်...
သူတို့ရဲ့အသားကို
စား၊သူတို့ကိုဆုတောင်းပေး
ကြတယ်၊တိဘက်တွေဟာ
တိရစ္ဆာန်တွေကိုတန်ဖိုးထားတဲ့
နေရာမှာတစ်ကမ္ဘာလုံးမှာရှိတဲ့
ဘယ်နိုင်ငံနဲ့မဆိုကွဲပြားခြားနား
တယ်...


အဲ့ဒီအကြောင်း တွေငါတကယ်မသိ လို့ပါ၊ဒီအတိုင်းဆိုရင် နင်စားဖို့မဖြစ်တော့ ဘူးပေါ့နော်
ဟဲဟဲ ငါက အဖေနဲ့စိတ်ဓာတ်ချင်း ဆန့်ကျင်ဘက်ပဲ အဲ့ဒီအယူဝါဒတွေဟာ ခေတ်မမှီတော့ဘူးလို့ ငါထင်တယ်...
ဒီလောက်မွှေး ကြိုင်နေတဲ့ပေါင်ကြီးကို မစားဘူးဆိုရင်ငါလောက် မိုက်မဲတဲ့သူရှိဦးမလားကွ နော် ဟဲ ဟဲ
ပြောပြောဆိုဆိုဖြင့်သမင်ပေါင်ကြီးကိုတစ်ကိုက် လီဆူးခေါင်ရည်တစ်ကျိုက်သောက်လိုက်ဖြင့် စားသောက်နေပုံကိုကြည့်ရင်းမိန်းကလေးသုံး ယောက်သည်တခစ်ခစ်ဖြင့်ရယ်မောနေလေ တော့၏။